**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးမှ (၇၄) ကြိမ်မြောက် ကရင်အမျိုးသား ခုခံတော်လှန်ရေးနေ့တွင် ပြောကြားသော မိန့်ခွန်း

ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ်၊ ထေးကူ လဆန်း (၁၁) ရက်နေ့

ခရစ်သက္ကရာဇ် ၂၀၂၃ ခုနှစ်၊ ဇန္နဝါရီလ (၃၁) ရက်နေ့

**ကရင်အမျိုးသားများနှင့် ပြည်သူလူထု အပေါင်းတို့**

ယနေ့ ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ်၊ ထေးကူလဆန်း (၁၁) ရက်နေ့၊ ခရစ်သက္ကရာဇ် ၂၀၂၃ ခုနှစ်၊ ဇန္နဝါရီလ (၃၁) ရက်နေ့သည် (၇၄) ကြိမ်မြောက် ကရင်အမျိုးသား တော်လှန်ရေးနေ့ဖြစ်ပါသည်။ ကရင်အမျိုးသား ခုခံတော်လှန်ရေး ကြိုးပမ်းမှုများသည် ကရင်အမျိုးသားများ၏ လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုများကို လေးစားတန်ဖိုးထားကြောင်း ဖေါ်ကြူးနေသော လက္ခဏာရပ်များပင်ဖြစ်ပါသည်။ ယနေ့ ကရင်အမျိုးသားခုခံတော်လှန်ရေးနေ့တွင် လူမျိုးနှင့် ကိုးကွယ်ယုံကြည်မှုအရ ခွဲခြားမှုမရှိပဲ လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုများကို တန်ဖိုးထားပြီး တက်ကြွလှုပ်ရှားလျက်ရှိသော ကရင်အမျိုးသားများအပြင် ပြည်သူလူထုနှင့် နိုင်ငံသူနိုင်ငံသားအားလုံးအတွက် ဆုမွန်ကောင်းတောင်းလျက် မေတ္တာပို့အပ်ပါသည်။

**ကရင်အမျိုးသားများနှင့် ပြည်သူလူထု အပေါင်းတို့**

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အမျိုးသားရေး ကြိုးပမ်းမှုကြီး၏ အဓိကရည်မှန်းချက်သည် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အတွက်ဖြစ်ပါသည်။ ကရင်အမျိုးသားရေး ကြိုးပမ်းမှုကြီးသည် နိုင်ငံရေးလှုပ်ရှားမှုများမှ စတင်ခဲ့ပြီး၊ နောက်ပိုင်းတွင် လက်နက်ကိုင်ခုခံ တော်လှန်ရေးသို့ ကူးပြောင်းခဲ့ရသည့် ခုခံတော်လှန်ရေးကြီး၏ အဓိက ရည်ရွယ်ချက်သည် ယနေ့ထက်ထိတိုင် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များအတွက် မပြောင်းမလဲ တည်ရှိနေဆဲပင်ဖြစ်ပါသည်။ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များကို လေးစားတန်ဖိုးထားလျက်ရှိသော မိမိတို့ပြည်သူလူထုကြီးသည် မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအား တက်တက်ကြွကြွဖြင့် အတူတကွလက်တွဲပြီး တစိုက်မတ်မတ်ပံ့ပိုးကူညီလျက်ရှိသောကြောင့် ကရင်အမျိုးသားများ၏ ခုခံတော်လှန်ရေးကြီး အစဉ်ထာဝရ ခိုင်မြဲရှင်သန်လျက်ရှိနေပါသည်။

## ကရင်အမျိုးသားများနှင့် ပြည်သူလူထု အပေါင်းတို့

ကရင်အမျိုးသားလှုပ်ရှားမှု၏ ကနဦးအစသည် နိုင်ငံရေးနည်းလမ်းနှင့် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးသည့်နည်းလမ်းများပင်ဖြစ်ပါသည်။ မိမိတို့ကရင်အမျိုးသားလှုပ်ရှားမှုသည် အခြားသောလူမျိုးများအားနိုင်လိုမင်းထက်ဆက်ဆံပြီး ဖိနှိပ်အုပ်ချုပ်လိုသည့် ရည်ရွယ်ချက်များ လုံးဝမရှိပေ။ လူမျိုးတစ်မျိုးအနေဖြင့် မိမိတို့ အမျိုးသားများ၏ အမျိုးသား ဂုဏ်အင်္ဂါရပ်များ၊ အမျိုးသား အခွင့်အရေးများ၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များအတွက် ဖြစ်ပါသည်။

သို့ရာတွင်၊ ရန်ကုန်မြို့ အလုံ၊ စမ်းချောင်းမှ အစချီပြီး လက်နက်ဖြင့် အကြမ်းဖက်ကာ ခြိမ်းခြောက်မှုအမျိုးမျိုးကြောင့် မိမိတို့အမျိုးသားများ၏ ရပ်ရွာအပြင် မိမိတို့တစ်မျိုးသားလုံး၏ လုံခြုံရေးကို ထိပါးလာသည့်အတွက် မတတ်သာသည့် နောက်ဆုံးတွင် နိုင်ငံရေးနည်းလမ်းဖြင့် ကြိုးပမ်းမှုများမှ တဆင့် မိမိကိုယ်မိမိ ခုခံကာကွယ်နိုင်ရန်အတွက် လက်နက်ကိုင် ခုခံတော်လှန်ရေးကြီး ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပါသည်။ နိုင်ငံရေးအရ ကြိုးပမ်းမှုများအတွက် လမ်းပိတ်သွားခြင်းနှင့် ရပ်တန့်သွားခြင်းများ ဖြစ်ပေါ်လာပါက လက်နက်ကိုင် ခုခံတော်လှန်ရေး ပေါ်ပေါက်လာမည်သာဖြစ်ပါသည်။ ထူးခြားပြီး အံ့သြစရာကောင်းသည့် အကြောင်းတရားမဟုတ်ပေ။ နိုင်ငံရေးအမှန်တရား၏ သဘာဝဖြစ်စဉ်သာ ဖြစ်ပါသည်။

## ကရင်အမျိုးသားများနှင့် ပြည်သူလူထု အပေါင်းတို့

မိမိတို့၏ ခုခံတော်လှန်ရေးကြီး ကေန်မုချအောင်မြင်ရပါမည်။ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် ပြီးမြောက်အောင်မြင်သည်အထိ ဆုံးခန်းတိုင်အောင် ကြိုးပမ်းအားထုတ်ကြရပါမည်။ မိမိတို့၏ နိုင်ငံရေး ရည်မှန်းချက်များဖြစ်သည့် တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ပြီးမြောက်အောင်မြင်သည်အထိ ကြိုးပမ်းကြရပါမည်။ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များအတွက် အာမခံပေးနိုင်ပြီး၊ လူမျိုးတိုင်းနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် လူတစ်ဦးချင်း၏ တန်းတူအခွင့်အရေးများနှင့် ကိုယ်ပိုင်လွတ်လပ်မှုများအပြင် လူမျိုးအလိုက်၊ အစုအဖွဲ့အလိုက် လွတ်လပ်မှုနှင့် ရပိုင်ခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို တည်ဆောက်ရပါမည်။ ထို့အပြင်၊ ဤအခွင့်အရေးများသည် နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်း ထည့်သွင်းပြဋ္ဌာန်းထားရပါမည်။ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု အပြင် ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းများ ကွဲပြားနေကြသည့် ပြည်သူလူထုနှင့် နိုင်ငံသူနိုင်ငံသားများ နိုင်ငံတစ်နိုင်ငံတည်းတွင် အေးအေးချမ်းချမ်းနှင့် အပြန်အလှန် အသိအမှတ်ပြု လေးစားကြပြီး အပြန်အလှန် ကူညီရိုင်းပင်းနိုင်ရန်အတွက် ထိုအခွင့်အရေးများကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ထည့်သွင်းပြဋ္ဌာန်းထားရပါမည်။ ထို့ကြောင့်၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တနိုင်ငံ၏ ဥပဒေအဖြစ် ပြောင်းလဲပစ်ရပါမည်။ လူမျိုးတိုင်းနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်များကို အာမခံချက် ပေးနိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်ရပါမည်။

**ကရင်အမျိုးသားများနှင့် ပြည်သူလူထု အပေါင်းတို့**

ခုခံတော်လှန်ရေးသည် လူတစ်ဦးတစ်ယောက်၏ အင်အားဖြင့် ကြိုးပမ်းလုပ်ဆောင်ရမည့် အရာမဟုတ်ပေ။ ထို့အပြင်၊ လူမျိုးတစ်မျိုးတည်းဖြင့် ကြိုးပမ်းအားထုတ်ရမည့် အရာလည်းမဟုတ်ပေ။ ထို့ကြောင့်၊ လူမျိုးတစ်မျိုးအနေဖြင့် အတူတကွ ပူးပေါင်းပြီး လုပ်ဆောင်ကြရပါမည်။ ငါ့မြင်း ငါစိုင်းပြီး၊ သူတလူ ငါတမင်း လုပ်ဆောင်၍မရပါ။ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများ ပိုမိုအားကောင်းစေရေးနှင့် အောင်မြင်ရေးအတွက် စစ်အာဏာရှင် စနစ် နှင့် အာဏာရှင် စနစ်များ၏ စရိုက်လက္ခဏာအလုံးစုံကို ကြိုးပမ်းတော်လှန်နေကြသည့် အခြားသောလူမျိုးများ၊ အစုအဖွဲ့များနှင့်လည်း လက်တွဲ တိုက်ထုတ်ကြရပါမည်။

**ကရင်အမျိုးသားများနှင့် ပြည်သူလူထု အပေါင်းတို့**

မိမိတို့၏ အမျိုးသားခေါင်းဆောင်များသည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကို စတင်တည်ထောင်သည့်နေ့ကတည်းကပင် တိကျပြတ်သားသည့်နိုင်ငံရေးအမြင်နှင့် နိုင်ငံရေး ရည်မှန်းချက်များရှိနှင့်ပြီးဖြစ်ပါသည်။ ကရင့်အမျိုးသားများ၏ နိုင်ငံရေးကို စတင်ဦးဆောင်သည့် အချိန်မှစပြီး ယနေ့ထက်ထိတိုင် အညံ့ခံသည်ဟူ၍ အလျှဉ်းမရှိခဲ့ပါ။ သစ္စာဖေါက်သည်ဟူ၍ အလျှဉ်း မရှိခဲ့ပါ။ မိမိတို့ အစည်းအရုံးတစ်ခုတည်းအနေဖြင့် ရပ်တည် ရုန်းကန်ခဲ့ရသည့် အချိန်၌လည်း လုံးဝ အားမလျော့ပဲ သတ္တိရှိရှိဖြင့် ကြံ့ကြံ့ခံပြီး ခုခံခဲ့သည့် သမိုင်းရှိပါသည်။ အချိန်နာရီနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများ အပြင် အသက်၊ သွေး၊ ချွေးများကို ပေးဆပ်ခဲ့ကြသော ခေါင်းဆောင်များ၊ စစ်သည်တော် များနှင့် ပြည်သူလူထုများမှာ မရေမတွက်နိုင်အောင်ပင် များပြားခဲ့ပါသည်။

သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု အပြင် ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းများ ကွဲပြားနေကြသည့် ပြည်သူလူထုနှင့် နိုင်ငံသူနိုင်ငံသားများ နိုင်ငံ တစ်နိုင်ငံတည်းတွင် အေးအေးချမ်းချမ်းနှင့် အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရန်  ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီးကို မိမိတို့ အတူတကွ ထူထောင်ကြရပါမည်။ ထို့ကြောင့်၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေး၊ မိမိတို့ အမျိုးသားများနှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များအတွက် ဆုံးခန်းထိတိုင်အောင် ကြိုးပမ်းအားထုတ်ကြရပါမည်။ ပြီးမြောက်အောင်မြင်သည့်အထိ ကြိုးပမ်းအားထုတ်ကြရပါမည်။ ဖြစ်ပေါ်ပြောင်းလဲနေသည့် နိုင်ငံရေး အခြေအနေ အရပ်ရပ်အပေါ် မူတည်ပြီး မိမိတို့ ပိုမို အားကောင်းရေးနှင့် အောင်မြင်နိုင်ရေးအတွက် အခြားသောလူမျိုးများ၊ အစုအဖွဲ့များနှင့် လက်တွဲပြီးနိုင်ငံရေးသတိဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် အောင်မြင်သည်အထိ ကြိုးပမ်းအားထုတ်ကြပါ။ ကရင်အမျိုးသားများ နှင့်ပြည်သူလူထုအားလုံး ဘေးရန်အပေါင်းမှ ကင်းဝေးပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သ အပ်ပါသည်။

**စောမူတူးစေးဖိုး**

**ဥက္ကဋ္ဌ**

**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**

**ဗဟိုဌာနချုပ်**